# ဓမ္မ အမှုတော်ဆောင်များ နာရေး ကူညီမှု အသင်း

## ၁။ အဖွဲ့နာမည်။

ဤအဖွဲ့ကို ဓမ္မအမှုတော်ဆောင်များ နာရေး ကူညီမှုအဖွဲ့ ဟုခေါ်ဆိုရမည်။

## ၂။ ရည်ရွယ်ချက်။

ဓမ္မအမှုတော်ဆောင်များ၏ မိသားစုများ၌ နာရေးကြုံသောအခါ အမှုတော်ဆောင် တစ်ဦးနှင့်တစ်ဦး ကူညီ ပံ့ပိုးနိုင်ရန်ဖြစ်သည်။

## ၃။ အဖွဲ့ဝင်ဖြစ်ခွင့်ရှိသောသူများ။

ဂိုဏ်းဂဏ၊ အသင်းတော်၊ လူမျိုး မရွေး ဤအဖွဲ့၏ စည်းမျဉ်းအတိုင်း သဘောတူသော ဓမ္မအမှုတော်ဆောင်များ အားလုံးသည် အဖွဲ့ဝင်ခွင့်/အသင်းဝင်ခွင့် ရှိရမည်။

## ၄။ အသင်းဖွဲ့ရခြင်း၏အကြောင်းရင်း။

ဓမ္မအမှုတော်ဆောင်များ၏ မိသားစု၌ နာရေးကြုံတွေ့သောအခါ ခက်ခဲမှုကြီးမားသောကြောင့် ထိုခက်ခဲမှုများကို ဓမ္မအမှုတော်ဆောင်အချင်းချင်း ဝိုင်းဝန်း ကူညီ ပံ့ပိုးနိုင်ရန်ဖြစ်ပါသည်။ဝမ်းနည်း ကြေကွဲနေစဉ် စိတ်သက်သာစေရန်နှင့် ခရစ်တော်၌ လုပ်ဖော်ကိုင်ဖက်ဖြစ်ကြောင်း သက်သေပြရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ဝမ်းနည်းကြေကွဲ နေစဉ် စိတ်သက်သာ စေရန် စုဆောင်းထားသော ငွေကြေး အနည်းငယ်ကို လိုအပ်သောအခါ တန်ဖိုးရှိစွာ ကူညီ ပံ့ပိုးနိုင်ရန် အဓိက မျှော်လင့်ခြင်း ဖြစ်ပါသည်။

## ၅။ ကွာတာအလိုက်သတ်မှတ်ခြင်း။

အသင်းသားများ၏ ခံစားခွင့်သတ်မှတ်ခြင်း (၄)ကွာတာ ရှိပါသည်။

ကွာတာ(၁)– ဝင်ဝင်ခြင်း သုံးလ အထိ (၁)ကွာတာ
ကွာတာ(၂)– ဝင်ပြီး လေးလ မှ ခြောက်လ အထိ (၂)ကွာတာ
ကွာတာ(၃)– ဝင်ပြီး ခုနစ်လ မှ ကိုးလ အထိ (၃)ကွာတာ
ကွာတာ(၄)– ဝင်ပြီး ဆယ်လ မှ ဆယ့်နှစ်လ အထိ (၄)ကွာတာ ဖြစ်ပါသည်။
ဉပမာ။ ။ မေလ ဝင်သောသူသည် မေ၊ ဇွန်၊ ဇူလိုင်လကုန် အထိ (၁) ကွာတာ ဖြစ်ပါသည်။

## ၆။ အဖွဲ့ဝင်များ၏ခံစားခွင့်ရရှိခြင်း။

အသင်းဝင်သောနေ့မှစ၍ ၁၂လပြည့်သောနေ့ အထိကွာတာအလိုက် ခံစားခွင့် ခြားနားမည် ဖြစ်သည်။

အသင်းဝင်ပြီး ၁၂လပြည့်သောနေ့ရက် မှစ၍ ကျပ်၂၅၀,၀၀၀ ခံစားရမည် ဖြစ်ပါသည်။

| | |
|---|---|
| (က) ပထမ ကွာတာ ပြည့်လျှင် | – ကျပ် ၅၀,၀၀၀ |
| (ခ ) ဒုတိယ ကွာတာ ပြည့်လျှင် | – ကျပ် ၁၀၀,၀၀၀ |
| (ဂ ) တတိယ ကွာတာ ပြည့်လျှင် | – ကျပ် ၁၅၀,၀၀၀ |
| (ဃ) စတုတ္ထ ကွာတာ ပြည့်လျှင် | – ကျပ် ၂၅၀,၀၀၀ ဖြစ်ပါသည်။ |

## ၇။ မိသားစု တစ်စု။
မိသားစု တစ်စု ဟုဆိုရာတွင် ဖခင်၊ မိခင် နှင့် သားသမီးများသာ ဆိုလိုသည်။

## ၈။ နှစ်စဉ်ထည့်ဝင်ရန်ငွေကြေးပမာဏ။
အသင်းဝင်သူတိုင်းသည် နှစ်စဉ်ကြေး **ကျပ် ၅၀၀၀** ထည့်ဝင်ရမည်။

## ၉။ ငွေပေးသွင်းရမည့်အချိန်။
နှစ်၏ ပထမလဖြစ်သော **ဇန်နဝါရီလ** တွင်ပေးပို့ရမည်။

## ၁၀။ ငွေပေးသွင်းရမည့်နေရာ။
မိမိ ဒေသရှိ တာဝန်ရှိ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ရမည်။

## ၁၁။ အဖွဲ့ဝင်ဖြစ်ခွင့်မရှိသူများ။
ရောဂါခံစားရပြီး မျှော်လင့်ချက်မရှိ၍ ဆရာဝန်များ၏ အနီးကပ် ပြုစုကုသခြင်း ခံရသောသူများသည် အဖွဲ့ဝင်အဖြစ်လက်ခံခြင်းမပြုပါ။

(ဤအဖွဲ့သည် အကျိုးအမြတ်ယူရန်မဟုတ်၊ တစ်ဦးနှင့်တစ်ဦး ကူညီ နှစ်သိမ့် အားပေး ပံ့ပိုးဖို့ရန်ဖြစ်ပါသည်။)

## ၁၂။ အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း။
အဖွဲ့ဝင်များသည် နှစ်စဉ်ပေးသွင်းရမည့်ငွေကို ပေးသည့်ခုနှစ် အတွက်သာ ခံစားခွင့် ရှိသည်ဖြစ်၍၊ နှစ်စဉ် ပေးရမည့်ငွေ မပေးသောခုနှစ် အတွက် ခံစားခွင့် မရှိသောကြောင့် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

## ၁၃။ အဖွဲ့ဝင်အဖြစ်ပြန်လည်လက်ခံခြင်း။
နှစ်စဉ် ပေးသွင်းရမည့်ငွေ မပေးဖြစ်ခဲ့သောနှစ်များနှင့် လာမည့်နှစ်အတွက် ကြိုပေးသောနှစ် (စုစုပေါင်း ၃နှစ်)စာ ပေးသွင်းသောနေ့၌ အဖွဲ့ဝင်အဖြစ် ပြန်လည်လက်ခံမည် ဖြစ်သည်။

[မေးမြန်းခြင်း၊ အကြံပြုလိုခြင်းများရှိပါက မိမိဒေသရှိ တာဝန်ရှိသူများ ထံသို့ဆက်သွယ် အကြောင်းကြားနိုင်ပါသည်။]